Health Digest Journal

Health Digest, 18 May 2005

# HIV ပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်မှုလျော့ချရေးစီမံချက် အစည်းအဝေးပွဲ




၄.၅.၀၅ ရက်နေ့၊ နံနက် (၉)နာရီက ရန်ကုန်မြို့၊ အလုံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ရွိုင်ရယ်ဟိုတယ်၌ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော **"Strategy Meeting on Prevention of Mother to Child Transmission of HIV"** အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ဌာနမှူး(ကျန်းမာရေးနှင့် အာဟာရ) **Dr.Anne Vincent** တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားပြီးဆုံးခဲ့ပါတယ်။ ထို့နောက် အစည်းအဝေးပွဲကိုဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မြင့် (ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး)က သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ နယူးယောက်မြို့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ဗဟိုဌာနချုပ်မှ **HIV/AIDS** စီမံချက်အရာရှိ (ပြုစုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး) **Dr.Ngashi Ngongo** က **Global Perspective and Technical Update** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **HIV/AIDS** စီမံချက်အရာရှိ (မိခင်မှကလေးသို့ **HIV** ပိုးကူးစက်မှုကာကွယ်ရေး) **Mr.Arjan De Wagt** က **Regional Perspective** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်က **PMCT in Myanmar : Implementation Status, Lessons and Constraints** ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါတယ်။ ထို့နောက် အုပ်စုများဖွဲ့၍ ဆက်လက်ဆွေးနွေးခဲ့ကြပါတယ်။ **HIV** ပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ **HIV** ပိုးကူးစက်မှုလျော့ချရေး စီမံချက် **(PMCT)**ကို ဆောင်ရွက်ရာတွင် တွေ့ကြုံနိုင်သောအခက်အခဲများ၊ နောက်ဆုံးတွေ့ရှိရသော အသိပညာ၊ အတတ်ပညာများကို ဆွေးနွေးနိုင်ရန်နှင့် အခက်အခဲများ ကြုံတွေ့လာပါက ဖြေရှင်းနိုင်သော နည်းလမ်းများသိရှိစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရပါတယ်။ အစည်းအဝေးပွဲသို့ အစိုးရဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ စုစုပေါင်း (၆၀)ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

မြင့်ကော